# Pentecost Sunday - C

## 1st READING: *Acts 2:1-11*တမန်တော်ဝတ္ထု ၂း ၁–၁၁

ပင်တေကော့စတာပွဲနေ့ကျရောက်သောအခါ၊သူတို့အားလုံးသည်တစ်နေရာတည်း၌အတူစုဝေးလျက်ရှိကြ၏။ထိုအခါပြင်းထန်သောလေမုန်တိုင်းတက်ခတ်သံနှင့်တူသောအသံသည်ကောင်းကင်မှရုတ်တရက်ပေါ်ထွက်လာ၍ သူတို့စုဝေးနေထိုင်ကြသောအိမ်သည်ထိုအသံနှင့်ပြည့်နေလေ၏။သူတို့ရှေ့တွင်လျှာသဏ္ဍာန်ရှိသောမီးလျှံငယ်များထွက်ပေါ်လာ၍သူတို့အသီးသီး၏အပေါ်တွင်တည်နေ၏။သူတို့အားလုံးသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝကြလျက်သန့်ရှင်းသောဝိညာဉ်တော်သည်ဟောပြောသောအခွင့်ကိုသူတို့အားပေးတော်မူသည့်အတိုင်းသူတို့သည်အခြားသောဘာသာစကားများကိုစတင်ပြောဆိုကြလေ၏။ထိုအချိန်တွင်ကမ္ဘာ ပေါ်ရှိတိုင်းနိုင်ငံအသီးသီးတို့မှဘုရားတရားကြည်ညိုသူဂျူးလူမျိုးတို့သည ဂျေရုဆလင်မြို့၌တည်းခိုလျက်ရှိကြ၏။ ထိုအသံကိုကြားကြသောအခါများစွာသောသူတို့သည်စုရုံးရောက်ရှိလာကြသောအခါတမန်တော်တို့ပြောဆိုနေကြသည်ကိုမိမိတို့ဘာသာစကားအသီးသီးဖြင့်ကြားကြရသောကြောင့်အလွန်အံ့သြနေကြ၏။ ထိုလူအပေါင်းတို့သည်လည်းအံ့သြတွေဝေလျက်ဆိုကြသည်မှာစကားပြောဆိုနေကြသောဤသူများသည်ဂါလိလေနယ်သားများမဟုတ်ပါလော။ သူတို့ပြောဆိုနေကြသည်ကိုငါတို့အသီးသီးသည်မိမိတို့မွေးရပ်ဒေသ၏ဘာသာစကားဖြင့်ကြားနေကြရသည်မှာအဘယ်သို့ဖြစ်သနည်း။ ပါရှန်ပြည်မှစ၍မီဒီယန်၊ဧလမ်၊ဗမဆိုပိုတမိယ၊ဂျူဒေယ၊ကာပဒိုစိယပြည်၊ပွန္တုပြည်၊အာရှ။ ဖရိဂျီယနှငပံ့မ်ဖိလိယပြည်၊ အီဂျစ်ပြည်၊ ဆီရင်မြို့လက်အောက်ရှိလစ်ဗျားပြည်မှနယ်ပယ်တို့တွင်နေထိုင်သူများ၊ရောမမြို့မှလာကြသောဂျူးလူမျိုးများနှင့်ဂျူးဘာသာတို့ဝင်လာသူများ။ခရေတ်ပြည်နှင့်အရေးဗျပြည်သားများဖြစ်ကြသောငါတို့သည်ဤသူတို့ပြောဆိုနေကြသောဘုရားသခင်၏အံ့သြဘွယ်ရာအမှုတော်များကိုငါတို့ဘာသာစကားအသီးသီးဖြင့်ကြားနေရပါသည်တကားဟုဆိုကြလေ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**Responsorial Psalm Psalms 104: 1, 24, 29-30, 31, 34**

**ဆာလံကျမ်း ၁၀၄**

**သံပြိုင်။** ။ကိုယ်တော်၏ဝိညာဉ်တော်ကိုစေလွှတ်တော်မူ၍မြေမျက်နှာပြင်ကိုအသစ်ပြုပြင်တော်မူပါ။

**၁။** ။ အိုငါ့ဝိညာဉ်ထာဝရဘုရားအားချီးမွမ်းလော့။အိုတပည့်တော်၏ဘုရားသခင်ထာဝရဘုရားကိုယ်တော်သည်အလွန်ကြီးမြတ်တော်မူပါ၏။ အိုထာဝရဘုရားကိုယ်တော်၏လက်ရာတော်တို့သည်မည်မျှလောက်များပြားပါသနည်း။ကမ္ဘာမြေကြီးသည်ကိုယ်တော်ဖန်ဆင်းထားရာသတ္တဝါများဖြင့်ပြည့်နှက်လျက်ရှိ၏။**(သံပြိုင်)**

**၂။** ။ ထာဝရဘုရား၏ဘုန်းဂုဏ်တော်သည်ကာလအစဉ်အဆက်တည်မြဲပါစေ။ ထာဝရဘုရားသည်မိမိ၏လက်ရာတော်များကြောင့်ရွှင်လန်းဝမ်းမြောက်ပါစေ။ ငါလူဖြစ်စဉ်အခိုက်ငါ၏ဘုရားသခင်ကိုသီဆိုချီးမွမ်းမည်။ ငါ၏ကမ္ဘဌာန်းရှုခြင်းသည်ကိုယ်တော့်ထံတွင်နှစ်သက်ဖွယ်ဖြစ်ပါစေ။ **(သံပြိုင်)**

**၃။** ။ သူတို့၏အသက်ကိုရုပ်သိမ်းတော်မူသောအခါသူတို့သည်သေ၍မြေမှုန့်အဖြစ်သို့ပြန်လည်ရောက်ရှိသွားကြပါ၏။ ကိုယ်တော်၏ဝိညာဉ်တော်ကိုစေလွှတ်တော်မူသောအခါသူတို့သည်ဖန်ဆင်းခြင်းခံရ၍ကိုယ်တော်သည်မြေမျက်နှာပြင်ကိုအသစ်ပြုပြင်တော်မူ၏။ **(သံပြိုင်)**

## 2nd READING: *1 Cor 12:3b-7, 12-13*

ကော်ရင့်သုဩဝါဒပထမစာစောင်     ၁၂း၃-၇ ၁၂-၁၃

ထို့ကြောင့်မည်သူမဆိုဘုရားသခင်ဝိညာဉ်တော်၏လှုံ့ဆော်မှုကိုခံရသောသူတိုင်းသည်သခင်ယေဇူးအားကျိန်စာသင့်ပါစေဟူ၍လည်းကောင်း။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားမပါလျှင်သခင်ယေဇူးသည်အရှင်သခင်ဖြစ်ပါသည်ဟူ၍လည်းကောင်းမည်သူမျှမဝန်ခံနိုင်ကြောင်းသင်တို့အားငါသိနားလည်စေလိုသည်။ ဆုကျေးဇူးတော်အမျိုးမျိုးရှိ၏။ သို့သော်လည်းထိုကျေးဇူးများကိုဝိညာဉ်တော်တစ်ပါးတည်းကပေးသနားတော်မူ၏။ အစေခံရန်နည်းလမ်းအမျိုးမျိုးရှိသောလည်းအစေခံရသည့်သခင်တစ်ပါးတည်းသာရှိ၏။အမှုတော်ဆောင်ရန်တာဝန်အမျိုးမျိုးရှိသော်လည်းလူတိုင်း၌သီးခြားအမှုတော်များအတွက်၊ တာဝန်များကိုပေးသနားတော်မသောသခင်သည်တစ်ပါးတည္းသာဖြစ်၏။ အများကောင်းကျိုးအတွက်လူအသီးသး၌ဝိညာဉ်တော်ဘုရားတည်ရှိတော်မူကြောင်းထင်ရှားစွာဖော်ပြလျက်ရှိ၏လူ့ခန္ဓာကိုယ်သည်တစ်ခုတည်းဖြစ်၍ကိုယ်အင်္ဂါအစိတ်အပိုင်းများစွာရှိကြ၏။ကယ်ခန္ဓာ၏အင်္ဂအစိတ်အပိုင်းများသည်အရေအတွက်များစွာရှိကြသော်လည်းခန္ဓာကိုယ်သည်တစ်ခုတည်းဖြစ်၏။ ခရစ်တော်သည်လည္းထိုနည်းတူဖြစ်၏။ ထိုနည်းတူစွာငါတို့သည်ဂျူးလူမျိုးဖြစ်စေ၊လူမျိုးခြားဖြစ်စေ၊ကျွန်ဖြစ်စေ၊လတလပ်သူဖြစ်စေ၊ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့်ကိုယ်ခန္ဓာတစ်ခုတည်းထဲသို့ဆေးကြောခြင်းမင်္လာခံယူကြ၏။ဘငါတို့အားလုံးလည်းဝိညာဉ်တော်တစ်ပါးတည်းမှသောက်သုံးကြ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## **GOSPEL:** ***John 20:19-23***

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၂၀း၁၉–၂၃

ရက်သတ္တပတ်၏ပထမနေ့၊ညနေအချိန်ရောက်သောအခါတပည့်တော်တ သည်ဂျူးလူမျိုးတို့ကိုကြောက်သောကြောင့်မမိတို့စုဝေးကြသောနေရာတွင်တံခါးများကိုပိတ်ထားလျက်နေကြ၏။ထုအချိန်၌သခင်ယေရှုးသည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျှက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသတို့အားမိန့်တော်မူ၏။ ဤသို့မိန့်တော်မူပြီးနောက်ကိုယ်တော်သည်သူတို့အားမိမိလက်တော်များနှင့်နံဘေးတော်ကိုပြတော်မူ၏။တပည့်တော်တို့သည်လည်းသခင်ဘုရားကိုဖူးမြင်ရသဖြင့်ဝမ်းမြောက်ကြလေ၏။တဖန်ကိုယ်တော်ကသင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ ခမည်းတော်သည်ငါ့ကိုစေလွှတ်သကဲ့သို့ငါသည်လည်းသင်တို့ကိုစေလွှတ်၏ဟုမိန့်တော်မူ၏။ ထို့နောက်ကိုယ်တော်သည်သူတို့အပေါ်သို့မှုတ်တော်မူလျှက်သန့်ရှင်းသောဝိညာဉ်တော်မြတ်ကိုခံယူကြလော့။ အကြင်သူ၏အပြစ်များကိုသင်တို့ခွင့်လွှတ်လျှင်ထိုအပြစ်များသည်ခွင့်လွှတ်ခြင်းခံရလိမ့်မည်။အကြင်သူ၏အပြစ်များကုသင်တို့တည်စေလျှင်ထိုအပြစ်များသည်တည်လျှက်ရှိ၏ဟုသူတို့အားမိန့်တော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**